KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

## မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ

ဇူလိုင်လ ၁၉ရက်၊ ၂၀၂၃ခုနှစ် / KHRG စာအမှတ် - 23-221-I1

# တောအူးခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ - ဒေါ်ဖားခိုမြို့နယ်တွင် SAC မှ လက်နက်ကြီးရမ်းသမ်းပစ်ခတ်မှုကြောင့် အမျိုးသားတစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အမျိုးသမီးတစ်ဦးသေဆုံး (၂၀၂၃ခုနှစ်၊ ဇွန်လ)

*ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာတွင် ၂၀၂၃ခုနှစ်၊ ဇွန်လအတွင်း တောအူး (တောင်ငူ)ခရိုင်၊ ဒေါ်ဖားခို (သံတောင်ကြီး) မြို့နယ်တွင် ဖြစ်ပွားခဲ့သည့်အဖြစ်အပျက်များကို ဖော်ပြထားသည်။ ၂၀၂၃ခုနှစ်၊ ဇွန်လ ၁၇ရက်နေ့တွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) စစ်သားများသည် ဒေါ်ဖားခိုမြို့နယ်၊ စည်ပင်ကြီးကျေးရွာအုပ်စု၊ အ---ကျေးရွာအနီးရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) တပ်စခန်းတစ်ခုကို ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး နှစ်ဦးနှစ်ဖက်ကြားတိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲဖြစ်ပွားပြီးနောက် SAC စစ်သားများသည် အ---ကျေးရွာသို့ လက်နက်ကြီးများပစ်ခတ်ခဲ့သည်။ ထိုသို့ လက်နက်ကြီးပစ်ခတ်မှုကြောင့် အ---ရွာတွင်နေထိုင်သည့်အမျိုးသားတစ်ဦးမှာ ဒဏ်ရာအပြင်းအထန်ရရှိခဲ့ပြီး အမျိုးသမီးတစ်ဦးသေဆုံးခဲ့သည်။ SAC မှ ထိခိုက်နစ်နာသူများနှင့် ၎င်းတို့၏မိသားစုဝင်များအတွက် မည်သည့်လျော်ကြေးငွေမျှပေးဆောင်ခြင်းမရှိခဲ့ပေ။ ယခုအချိန်တွင် လက်နက်ကြီးထိမှန်ခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိခဲ့သည့်ရွာသားသည် မိသားစုစားဝတ်နေရေးအတွက်ထောက်ပံ့နိုင်ရန် အလုပ်မလုပ်နိုင်တော့ပေ။* [1]

## အပိုင်း ၁ - မှုခင်းဖြစ်ပွားသည့်အကြောင်းအရာအပြည့်အစုံ

| | |
|---|---|
| **အခင်းဖြစ်ပွားမှုအမျိုးအစား** | လက်နက်ကြီးရမ်းသမ်းပစ်ခတ်မှု |
| **အခင်းဖြစ်ပွားသည့်နေ့ရက်** | ၂၀၂၃ခုနှစ်၊ ဇွန်လ ၁၇ရက် |
| **အခင်းဖြစ်ပွားသည့်နေရာ (ကျေးရွာ၊ မြို့နယ်၊ ခရိုင်)** | တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ စည်ပင်ကြီးကျေးရွာအုပ်စု၊ အ---ကျေးရွာ |

[1] ဤအစီရင်ခံစာသည် ၂၀၂၃ခုနှစ်၊ ဇူလိုင်လတွင် ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG ဝန်ထမ်းတစ်ဦးမှရယူခဲ့သောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ချိုးဖောက်ခံရသူများ၏ အမည်၊ ဓာတ်ပုံ နှင့် နေရပ်လိပ်စာအတိအကျအား လုံခြုံရေးအရတည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်းရေးသားထားသောအချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်းဖြစ်သည်။

| စော်ကားခံရသူ(ရာဇဝတ်မှုကျူးလွန်ခံရသူ)၏ ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ | | |
|---|---|---|
| **အမည်** | စောဘ--- | နော်စ--- |
| **အသက်** | ၃၈နှစ် | ၆၂နှစ် |
| **ကျား/မ** | ကျား | မ |
| **လူမျိုး** | ကရင် | ကရင် |
| **မိသားစုရှိ/မရှိ** | ရှိ | ရှိ |
| **အလုပ်အကိုင်** | တောင်ယာလုပ်ငန်း | တောင်ယာလုပ်ငန်း |
| **ကိုးကွယ်သည့် ဘာသာ** | ခရစ်ယာန် | ခရစ်ယာန် |
| **ရာထူးအဆင့်** | ရွာလုံခြုံရေး | ရွာသား |
| **နေရပ် ရွာအမည်** | အ---ကျေးရွာ | အ---ကျေးရွာ |

| ပစ်မှုကျူးလွန်သူ၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ | | | | |
|---|---|---|---|---|
| **အမည်** | **ရာထူး** | **စစ်ကြောင်း၊ တပ်ရင်း၊ တပ်မ** | **အခြေစိုက်သည့်နေရာဒေသ** | **အထက်အရာရှိအမည်** |
| မသိ | မသိ | စစ်ကွပ်ကဲအခြေစိုက် (စကခ) အမှတ် (၂၀)လက် အောက်ခံ ခြေမြန်တပ်ရင်း (ခမရ)အမှတ် (၅၉၂) | အ---ကျေးရွာအနီး တပ်စခန်း | ဗိုလ်ကြီးစိုးဝင်း |

## အဆင့် ၂- သတင်းအချက်အလက်များပြန်လည်စီစစ်ခြင်း

| (၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ချင်းကို ရှင်းပြပါ။ |
|---|
| ဤလက်နက်ကြီးပစ်ခတ်မှုဖြစ်စဉ်နှင့်ပတ်သက်၍ KHRG မှ ပို့ချခဲ့သောကျေးလက်စွမ်းရည်သင်တန်းတစ်ခုကို တက်ရောက်ခဲ့ဖူးသည့် တောအူးခရိုင်မှရွာသားတစ်ဦးသည် KHRG ဝန်ထမ်းတစ်ဦးကို ခေါ်ဆိုပြီးအသိပေးခဲ့သည်။ ထိုရွာသားသည် လက်နက်ကြီးထိမှန်၍ ဒဏ်ရာရရှိခဲ့သူ (စောဘ---)၏ဆက်သွယ်ရန်ဖုန်းနံပါတ်ကို KHRG အား ပေးပို့ခဲ့သည်။ ထို့နောက် ဤလက်နက်ကြီးပစ်ခတ်မှုဖြစ်စဉ်နှင့်ပတ်သက်သောအကြောင်းအရာများအသေးစိတ်ကို သိရှိရန်အတွက် KHRG ဝန်ထမ်းသည် စောဘ---အား ဖုန်းဖြင့်ဆယ်သွယ်၍ ၎င်းအားအင်တာဗျူးခဲ့ပါသည်။ |

| (၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်း မည်သို့ဖော်ပြလိုပါသနည်း။ ၎င်းတို့တစ်ဦးချင်းစီ၏ ရှင်းပြချက်(များကို) ရေးမှတ်ပေးပါ။ |
|---|
| ဤသတင်းအချက်အလက်ကိုပြောပြသောသူသည် လက်နက်ကြီးထိမှန်ပြီး ဒဏ်ရာရရှိခဲ့သည့်ရွာသားတစ်ဦးဖြစ်သည်။ ၎င်းသည် လက်နက်ကြီးပစ်ခတ်မှုဖြစ်စဉ်ကို ကိုယ်တိုင်ကြုံတွေ့ခဲ့သူတစ်ဦးဖြစ်သည်။ |

# အဆင့် ၃- အခင်းဖြစ်ပွားပုံ

| အခင်းဖြစ်ပွားပုံ အသေးစိတ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါ။ |
| --- |
| ၂၀၂၃ခုနှစ်၊ ဇွန်လ ၁၇ရက်နေ့ မနက်ပိုင်းတွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) စစ်သားများသည် တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ စည်ပင်ကြီးကျေးရွာအုပ်စု၊ အ---ကျေးရွာအနီးရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) တပ်စခန်းတစ်ခုကို သွားရောက်ပစ်ခတ်ခဲ့ပြီး နှစ်ဦးနှစ်ဖက်ကြားတိုက်ပွဲဖြစ်ပွားခဲ့သည်။ စစ်ကွပ်ကဲအခြေစိုက် (စကခ) အမှတ် (၂၀)လက်အောက်ခံဖြစ်သည့် ခြေမြန်တပ်ရင်း (ခမရ)အမှတ် (၅၉၂) သည် (အ---ကျေးရွာအနီးရှိ) အဆိုပါတပ်စခန်းတွင် အခြေစိုက်သည်။ ထိုသို့တိုက်ပွဲဖြစ်ပွားပြီး ပြန်လည်တုန့်ပြန်သည့်အနေဖြင့် ၂၀၂၃ခုနှစ်၊ ဇွန်လ ၁၇ရက်နေ့ မနက် (၈)နာရီဝန်းကျင်တွင် (ခမရ အမှတ် ၅၉၂ မှ) SAC စစ်သားများသည် အ---ကျေးရွာအတွင်းသို့ လက်နက်ကြီးများရမ်းသမ်းပစ်ခတ်ခဲ့သည်။ ထိုသို့လက်နက်ကြီးပစ်ခတ်မှုကြောင့် ရွာသားတစ်ဦးပြင်းထန်စွာဒဏ်ရာရရှိခဲ့ပြီး သေဆုံးသွားသည့်ရွာသားတစ်ဦးလည်းရှိခဲ့သည်။ ထို့အပြင် လက်နက်ကြီးပစ်ခတ်ရာတွင် ဒဏ်ရာရရှိခဲ့သည့် ရွာသားတစ်ဦး၏အိမ်တစ်လုံးကိုလည်းထိမှန်၍ပျက်စီးခဲ့သည်။ လက်နက်ကြီးပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် ရွာသားသည် စောဘ---ဖြစ်ပြီး အသက် ၃၈နှစ်ရှိပြီးဖြစ်သည်။ စောဘ---မှာ ဇနီးနှင့်သမီးတစ်ဦးရှိသည်။ သေဆုံးသွားသည့် ရွာသားသည် နော်စ---ဖြစ်ပြီး အသက် ၆၂နှစ်ရှိပြီးဖြစ်သည်။ နော်စ---သည် စောဘ---၏ယောက္ခမဖြစ်သည်။<br><br>SAC စစ်သားများမှ လက်နက်ကြီးပစ်ခတ်သည့်အချိန်တွင် စောဘ---နှင့်နော်စ---သည် အိမ်တွင်အတူရှိနေခဲ့သည်။ ထိုအချိန်တွင် စောဘ---၏ဇနီးနှင့်သမီးတို့သည် ဒေါ်ဖားခိုမြို့နယ်၊ တောင်ငူမြို့တွင် ရှိနေခဲ့သည်။ SAC စစ်သားများသည် ကျေးရွာအတွင်းသို့ လက်နက်ကြီးများ (၁၀)လုံးကျော်ပစ်ခတ်ခဲ့သည်။ စောဘ---၏ပြောပြချက်အရ SAC စစ်သားများသည် ၄၀ မမ သို့မဟုတ် ၆၀ မမ လက်နက်ကြီးများပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ လက်နက်ကြီးကျည်ဆံများသည် စောဘ---၏အိမ်အနားဝန်းကျင်တွင်ကျရောက်ပြီး ပေါက်ကွဲခဲ့သည်။ လက်နက်ကြီးတစ်လုံးမှာမူ စောဘ---၏ အိမ်နောက်ဖေးမီးဖိုးချောင်တွင် ကျပြီးပေါက်ကွဲခဲ့သည်။ မီးဖိုးချောင်တွင်ပေါက်ကွဲသွားသည့်လက်နက်ကြီးကျည်ဆံ အစအနများသည် စောဘ---နှင့်သူ၏ယောက္ခမဖြစ်သူနှစ်ဦးကိုထိမှန်ခဲ့သည်။ လက်နက်ကြီးကျည်ဆံအစအနသည် နော်စ---၏ဦးခေါင်းနှင့်ရင်ဘတ်ကိုထိမှန်ပြီး ထိုနေရာတွင်သေဆုံးခဲ့သည်။ စောဘ---၏ကိုယ်ခန္ဓာအနှံ့အပြားတွင် ကျည်ဆံအစအနထိမှန်ပြီး ပြင်းထန်စွာဒဏ်ရာရရှိခဲ့သည်။ လက်နက်ကြီးကျည်ဆံအစအနများသည် စောဘ---၏ ခြေထောက်၊ ပေါင်နှင့်လက်အပါအဝင် ကိုယ်ခန္ဓာအနှံ့အပြားတွင်စိုက်ဝင်ခဲ့သည်။ သေးငယ်သည့်လက်နက်ကြီး ကျည်ဆံအစနှစ်ခုသည် စောဘ---၏ဘယ်မျက်လုံးတွင် စိုက်ဝင်ခဲ့သည်။ မျက်လုံးဒဏ်ရာကြောင့် အာရုံကြောထိခိုက်သွားသည့်အတွက် စောဘ---သည် ကောင်းစွာမြင်နိုင်စွမ်းမရှိတော့ပါ။<br><br>၂၀၂၃ခုနှစ်၊ ဇွန်လ ၁၇ရက်နေ့ လက်နက်ကြီးပစ်ခတ်ပြီးနောက် ဆေးကုသမှုခံယူရန်အတွက် စောဘ---ကို တောင်ငူမြို့ရှိ တောင်ငူဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ သွားလာရေးစရိတ်အပါအဝင် ဆေးကုသမှုကုန်ကျငွေ စုစုပေါင်း သိန်း (၂၀) ကျော် ကုန်ကျခဲ့သည်။ စောဘ---သည် ငွေကြေးထောက်ပံ့မှုတစ်စုံတစ်ရာ မရရှိခဲ့ဘဲ ထိုဆေးကုသမှုကုန်ကျငွေကို သူကိုယ် တိုင်သာပေးဆောင်ခဲ့ရသည်။ တောင်ငူဆေးရုံရှိ ဆရာဝန်တစ်ဦးသည် စောဘ---၏ခန္ဓာကိုယ်တွင် စိုက်ဝင်နေသည့် လက်နက်ကြီးအစအနများကို ခွဲစိတ်၍ဖယ်ရှားရန်အတွက် စွမ်းဆောင်ရည်မရှိခဲ့ပေ။ ထို့ကြောင့် ရန်ကုန်ဆေးရုံသို့သွား၍ ခွဲစိတ်မှုခံယူရမည်ဟု ၎င်းဆရာဝန်မှ စောဘ--- အားအကြံပေးခဲ့သည်။ သေဆုံးသွားသည့် စောဘ---၏ယောက္ခမကို |

၂၀၂၃ခုနှစ်၊ ဖွန်လ ၁၈ရက်နေ့တွင် မြေမြှုပ်သင်္ဂြိုလ်ခဲ့သည်။ သူမ၏အသုဘကို စောဘ---မှ မလာနိုင်ခဲ့ပေ။ အကြောင်းမှာ ၎င်း၏ယောကျ်ားမကို အသုဘချသည့်အချိန်တွင် စောဘ---သည် တောင်ငူဆေးရုံတွင် ဆေးကုသမှုခံယူနေရသောကြောင့်ဖြစ်သည်။

အ---ကျေးရွာအနီးရှိ SAC တပ်စခန်းတွင်အခြေစိုက်သည့် ဗိုလ်ကြီးစိုးဝင်းသည် ၎င်း၏စစ်သားများရွာထဲသို့ လက်နက်ကြီးပစ်ခတ်နေသည့်အချိန်တွင် ၎င်းသည် ရွာထဲရှိဘာသာရေးဆုတောင်းပွဲတစ်ခုသို့ တက်ရောက်နေခဲ့သည်။ ထို့နောက် လက်နက်ကြီးပစ်ခတ်မှုကြောင့် စောဘ---ဒဏ်ရာရရှိခဲ့ပြီး သူ၏ယောကျ်ားမလည်း သေဆုံးခဲ့ရကြောင်း ဗိုလ်ကြီး စိုးဝင်းမှ သိရှိခဲ့ရသည်။ ၂၀၂၃ခုနှစ်၊ ဖွန်လ ၁၈ရက်နေ့တွင် ဗိုလ်ကြီးစိုးဝင်းသည် အ---ကျေးရွာအုပ်ချုပ်ရေးမှူးကို သွားရောက်တွေ့ခဲ့ပြီး လက်နက်ကြီးပစ်ခတ်မှုနှင့်ပတ်သက်၍ ၎င်း၏စစ်သားများမှာ အမှားပြုလုပ်ခဲ့ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးကို ပြောပြခဲ့သည်။ ထို့ကြောင့် ဗိုလ်ကြီးစိုးဝင်းသည် ၎င်း၏စစ်သားများပြုလုပ်ခဲ့သည့်အမှားကြောင့် ကျေးရွာအုပ်ချုပ်ရေးမှူးကို တောင်းပန်စကားပြောခဲ့သည်။ သို့သော်လည်း ဗိုလ်ကြီးစိုးဝင်းသည် လက်နက်ကြီးပစ်ခတ်မှုကြောင့် ထိမှန်နစ်နာသူများနှင့် ၎င်းတို့မိသားစုဝင်များအတွက် မည်သည့်လျော်ကြေးငွေမျှ မပေးခဲ့ပေ။ ထို့အပြင် ၎င်း၏စစ်သားများကိုလည်း အရေးယူအပြစ်ပေးခြင်း တစ်စုံတစ်ရာမရှိခဲ့ပေ။

လက်နက်ကြီးပစ်ခတ်မှုကြောင့် ရွာထဲတွင် စောဘ---၏အိမ်တစ်လုံးသာပျက်စီးသွားခဲ့သည်။ မီးဖိုးချောင်နှင့် အိမ်ခေါင်မိုးပျက်စီးသွားခဲ့သည်။ ၂၀၂၃ခုနှစ်၊ ဇူလိုင်လအတွင်းတွင် ပျက်စီးသွားသည့်မီးဖိုးချောင်နှင့် အိမ်ခေါင်မိုးကို အခြားရွာသားများမှ ပြန်လည်ပြုပြင်ပေးခဲ့သည်။

ထိုဖြစ်စဉ်နှင့်ပတ်သက်၍ စောဘ---သည် ၎င်း၏ဇနီးကိုအသိပေးပြောပြခဲ့သည်။ သို့သော်လည်း ၎င်း၏သမီးငယ်ဖြစ်သူကိုမပြောပြခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် သူ၏သမီးသည် မွေးရာပါနှလုံးရောဂါအခံရှိသည့်အတွက် အကယ်၍ သူ့သမီးသိသွားခဲ့လျှင် နှလုံးရောဂါဖောက်မည်စိုးသောကြောင့် သူ့သမီးအားမပြောပြခဲ့ခြင်းဖြစ်သည်။ စောဘ---မှာ ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည့်အတွက် အလုပ်မလုပ်နိုင်တော့ဘဲ ၎င်း၏မိသားစုစားဝတ်နေရေးအတွက် ထောက်ပံ့ရန် အခက်အခဲများကြုံတွေ့နေရသည်။ ဤကိစ္စနှင့်ပတ်သက်၍ စောဘ---မှ KHRG အား ယခုလိုပြောပြခဲ့သည်။ *"ကျွန်တော်အရင်လို အလုပ်မလုပ်နိုင်တော့ဘူးထင်တယ်။ ကျွန်တော့်ခြေထောက်တစ်ဖက် ဒဏ်ရာရနေတယ်။ လမ်းကောင်းကောင်းလျှောက်လို့မရဘူး။ ကျွန်တော့်ရဲ့တင်ပါးနဲ့လက်တွေမှာလည်း ကျည်ဆံအစအနတွေ စိုက်ဝင်နေတယ်။ ဆရာဝန်ပြောတာကတော့ အဲဒီကျည်ဆံအစအနတွေကို ဖယ်ရှားလို့မလွယ်ဘူးတဲ့။ ကျွန်တော်က စိုက်ပျိုးရေးအလုပ်သမားဖြစ်တဲ့အတွက် အရင်လိုအလုပ်ပြန်မလုပ်နိုင်တော့ဘူးလို့ထင်တယ်။ ကျွန်တော့်ရဲ့မျက်လုံးတစ်ဖက်ကလည်း ဒဏ်ရာရနေတဲ့အတွက် ကောင်းကောင်းမမြင်နိုင်တော့ဘူး။ ကျွန်တော့်ရဲ့ခြေထောက်နဲ့လက်တွေလည်း ဒဏ်ရာတွေကြီးဘဲ။ အရင်လိုမျိုး ကျွန်တော်အလုပ်ကောင်းကောင်း ဘယ်လုပ်လို့ရမှာလဲ။ အရင်လိုမျိုး အလုပ်ကြမ်းတွေကို မလုပ်နိုင်တော့ဘူး ထင်တယ်။"*

(၂၀၂၃ခုနှစ်၊ ဖွန်လ ၁၃ရက်နေ့တွင် စောဘ---သည် မျက်လုံးခွဲစိတ်မှုခံယူရန်အတွက် ရန်ကုန်မြို့သို့ သွားခဲ့သည်။ ၂၀၂၃ ခုနှစ်၊ ဖွန်လ ၁၈ရက်နေ့အထိ သူသည် မျက်လုံးခွဲစိတ်မှုခံယူရန် စောင့်နေရဆဲပင်ဖြစ်သည်။ ထိုမျက်လုံးခွဲစိတ်မှုအတွက် အနည်းဆုံး သိန်း (၃၀) ကျပ်ကုန်ကျမည်ဟု မျက်လုံးအထူးကုဆရာဝန်က ၎င်းအားရှင်းပြခဲ့သည်။ ထို့အပြင်

ခန္ဓာကိုယ်တွင်ကျန်ရှိနေသောလက်နက်ကြီးကျည်ဆံအစအနများကို ဖယ်ရှားနိုင်ရန်အတွက် အခြားဆေးရုံသို့သွား၍ ခွဲစိတ်မှုရယူရန် လိုအပ်နေသေးသည်။)



အထက်ပါပုံများကို ၂၀၂၃ခုနှစ်၊ ဇွန်လ တတိယမြောက်အပတ်တွင် တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ တောင်ငူဆေးရုံတွင်ရိုက်ယူခဲ့သည်။ ၎င်းပုံတွင် ဒေါ်ဖားခိုမြို့နယ်၊ စည်ပင်ကြီးကျေးရွာအုပ်စု၊ အ---ကျေးရွာတွင်နေထိုင်သည့် စောဘ---သည် ဆေးကုသမှုခံယူနေသောအခြေအနေကို ဖော်ပြထားသည်။ ၂၀၂၃ခုနှစ်၊ ဇွန်လ ၁၇ရက်နေ့တွင် SAC စစ်သားများမှ လက်နက်ကြီးရမ်းသမ်းပစ်ခတ်မှုကြောင့် စောဘ---ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ခြင်းဖြစ်သည်။ လက်နက်ကြီးကျည်ဆံအစအနများထိမှန်သွား၍ စောဘ---၏ခြေထောက်၊ လက်နှင့် ဘယ်ဖက်မျက်လုံးအပါအဝင် ၎င်း၏ ခန္ဓာကိုယ်အနှံ့ အပြားတွင် ဒဏ်ရာရရှိခဲ့သည်။ *(ဓာတ်ပုံ - ဒေသခံရွာသား)*

# အဆင့် ၄- ခွင့်ပြုချက်တောင်းခံခြင်း

| **ရွာသားသို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန်ခွင့်ပြုပါသလား။ မည်ကဲ့သို့သော နည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။** |
| --- |
| ထိခိုက်ဒဏ်ရာရရှိခဲ့သူ စောဘ---သည် ဤသတင်းအကြောင်းအရာများအား ရေးသားဖြန့်ဝေရန်အတွက် KHRG အား ခွင့်ပြုချက်ပေးခဲ့သည်။ |

ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက်လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် KHRG မှ ဒေသခံရွာသားများကိုလေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှခံစားရသောလူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ KHRG ၏လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။